လွယ်ခေါကျေးရွာ
လွယ်ခေါကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့နယ်
ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လွယ်ခေါကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ်၏ အကူအညီဖြင့်
ရေးဆွဲပါသည်။)

သြဂုတ်လ၊ ၂၀၁၈

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၅

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၅

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၅

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၅

(က) သီးနှံစိုက်ပျိုးရေး ၅

(ခ) မွေးမြူရေးလုပ်ငန်း ၆

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၆

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၆

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၇

(ခ) ကျေးရွာမီးလင်းရေး ၇

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၇

၆။ ပညာရေး ၇

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၈

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၉


၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၉


နောက်ဆက်တွဲ


နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၂

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၆၅

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ ၇၂




vision fund
UNDP



၁။ တည်နေရာနှင့် ပထဝီအနေအထား

လွယ်ခေါကျေးရွာသည် ကချင်ပြည်နယ် ၊မြစ်ကြီးနားမြို့နယ် လွယ်ခေါကျေးရွာအုပ်စု၊ မြစ်ကြီးနား–မန်ကလေးကားလမ်းမပေါ် တွင်တည်ရှိပါသည်။ ကျေးရွာ၏ တည်နေရာသည် တောင် ကုန်းအနည်းငယ်မြင့်ပြီး မြစ်ကြီးနားမြို့နှင့် ၂၁ မိုင်အကွာတွင် တည်ရှိသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန် လက်မ(၈၀)ခန့် ရရှိသည်။ ကျေးရွာအနီးတွင် ကျောက်တောင်များ ရှိသောကြောင့်လမ်းခင်းကျောက်များရရှိနိုင်သည်။သဘာဝပေါက်ပင်များရှိသော်လည်းကျွဲမ်းကျင် မှုမရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်အသုံးမပြုနိုင်ပါ။ သဘာဝတိရစ္ဆာန်များမှာ အလွန် အကျွံအမဲလိုက်ခြင်းကြောင့် အနည်းငယ်သာကျန်ရှိသည်။စိုက်ပျိုးရေးအနေဖြင့် ရေသွင်းမြောင်းမှ ရေကို ဧက(၁၂၀)ခန့်အသုံးပြုကြပြီး မိုးတွင်းအချိန်တွင်သာ အသုံးပြုနိုင်သည်။ ချောင်းရေ အသုံးပြုသော ဧက (၁၀၀)ခန့်ရှိပြီး ချောင်းရေကိုလည်း မိုးတွင်းအချိန်မှသာ အသုံးပြုနိုင်သည်။ ကျန်စိုက်ဧကများများ မိုးရေကိုသာ အသုံးပြုကြရသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်း အဖွဲ့ပေါင်း (၉) ဖွဲ့ရှိပြီး (၅)ဖွဲ့မှာဘာသာရေးကိုခြေခံပြီး ၂ဖွဲ့မှာ ပညာရေး ကိုအခြေခံကာကျန်(၂)ဖွဲ့မှာ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး၊လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့ အစည်းများဖြစ်ကြသည်။ကျေးရွာလိုအပ်ချက်အရဖွဲ့စည်းထားသော အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်းအပြန်အလှန်ယုံကြည်မှုရှိသည်။ ပြင်ပမှ ဖွဲ့စည်းသော အဖွဲ့အစည်းများသည် ရေရှည်ရပ်တည်မှုလည်းမရှိကြ ပါ။ ထို့ကြောင့် အဖွဲ့အစည်း ဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းများလိုအပ်သည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် ၁၂.၅ဧကအထက် တောင်သူကြီး (၃၀) အိမ်ထောင်စု၊ ၁၂.၅ဧကနှင့် ၅ဧက ကြား တောင်သူလတ် (၁၂၄) အိမ်ထောင်စု ၊ ၅ဧကနှင့်၂.၅ဧကကြား တောင်သူငယ် (၁၁၀) အိမ်ထောင်စု၊ ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ (၈၂) အိမ်ထောင်စု နှင့် မြေယာမဲ့ (၂၄၈) အိမ်ထောင်စုရှိသည်။ အဓိကအားဖြင့် စပါးနှင့် ဒညှင်းသီးကို အားကိုးစိုက်ပျိုးကြသည်။ မြေဆီ လွှာ အရည်အသွေး အသင့်အတင့်ကောင်းသည်။

ကျေးရွာတွင် လယ်အများစုမှာမိုးရေကို အဓိကထား စိုက်ပျိုးကြရပြီး၁၂၀ဧကမှာ မိုးရာသီ တွင်ရေသွင်းမြောင်းမှ သွင်းရေရရှိပြီး ဧက(၁၀၀)မှာ မိုးတွင်းချိန်တွင် ချောင်းရေ ရရှိကြသည်။ ကျန်ဧက(၅၀၀)ခန့်မှာ မိုးရေကိုသာအားကိုးစိုက်ပျိုးကြရသည်။ စပါးထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၄၅) တင်းထွက်သည်။ ဒညှင်းစိုက်ဧကပေါင်း(၁၀၀၀)နီးပါးခန့်ရှိပြီး တစ်ဧက ထွက်နှုန်း

မှာ ပျမ်းမျှ အလုံး(၄၀၀၀၀)ခန့်ထွက်သည်။ ရွာတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွက်စက် ၆၂စင်း၊ အစေ့ချကိရိယာ ၂၃၊ ရိတ်သိမ်းစက် ၃ ခု၊ ခြွေလှေ့စက် ၃ ခု၊ မြက်ရိတ်စက် ၁၂ခုသာရှိပြီးပိုင်ဆိုင်သူဦးရေနည်းသည်။ ထွန်စက်ငှားရမ်းအသုံးပြုပါက တစ်ဧက (၂၅၀၀၀)ကျပ်ပေးရပြီး မြက်ရိတ်စက်ငှားရမ်းအသုံးပြုပါက (၁၅၀၀၀)ကျပ် ပေးကြရသည်။ လယ်ယာသုံး စက်ကရိယာများအရစ်ကျ ဝယ်ယူလိုကြသည်။

သီးနှံအထွက်နှုန်းတိုးစေရန်သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ နှင့် သွင်းအားစုများကိုအလွယ်တကူမရရှိနိုင်သော်လည်း ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် သွင်းအားစုများ ကိုအလွယ်တကူဝယ်ယူရရှိနိုင်သည်။ စိုက်ပျိုးရေးထွက်ကုန်များကိုရောင်းချနိုင်သော်လည်း စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိပါ။ ဖျက်ပိုးနှင့် ရောဂါအနည်းငယ်ကျရောက်သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်း စီးပွါးဖြစ် မွေးမြူလေ့မရှိ။ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိကြသည်။ နွားကို ၂၆၂ အိမ် မှ ၁၁၃၇ ကောင်၊ ကျွဲကို ၁၁၃ အိမ်မှ ၄၁၁ ကောင်၊ ဆိတ်ကို ၁၁ အိမ်မှ ၄၅ ကောင်၊ ဝက်ကို ၃၈၈ အိမ်မှ ၈၇၈ ကောင်၊ ကြက်ကို ၅၀၁ အိမ်မှ ၅၆၆၈ ကောင်နှင့် ဘဲကို ၂၄ အိမ်မှ ၁၆၂ ကောင် မွေးမြူကြသည်။

မွေးမြူရေးတိုးမြှင့်လုပ်ကိုင်ရန် စားကျက်မြေသီးသန့်မရှိသောကြောင့် စားကျက်မြေချဲ့ထွင်လိုကြသည်။ မျိုးကောင်းမျိုးသန့်များလည်း လွယ်ကူစွာဝယ်ယူ၍မရနိုင်ပါ။ ချေးငွေအသင့်အတင့်ရှိ သော်လည်း လုံလောက်မှုမရှိပါ။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်သောကြောင့် စိုက်မွေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းမှာ ဆောက်လုပ်ရေးလုပ်ငန်းသာရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်ကြမ်းရရှိနိုင်မှုအသင့်အတင့်ရှိသော်လည်း အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုတတ်မြောက်မှုတွင်လည်း ကျွမ်းကျင်စွာတတ်မြောက်ခြင်းမရှိကြပါ။ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်လိုကြသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ဘဏ်ချေးငွေ ၊ မြစိမ်းရောင်(မွေးမြူရေးချေးငွေ)နှင့် မြစိမ်းရောင်(ကျေးလက်ချေးငွေ) ဟူ၍ ငွေချေးခြင်း ၃ မျိုးရှိသည်။ ၃ ခုလုံးမှာ ကာလတို/ လတ်ချေးငွေများဖြစ်ပြီး လိုအပ်သည့် အချိန်၊လိုအပ်သလောက်မရနိုင်ကြပါ။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုအပ်သည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် စက်ဘီး ၃၈ စင်း၊ မော်တော်ဆိုင်ကယ် ၄၈၈ စီး၊ သုံးဘီးဆိုင်ကယ် ၂၇စီး၊ ထော်လာကျီ ၆ စီး၊ ကား ၁၅ စီး ၊ မြင်းလှည်း ၁စီးနှင့် နွားလှည်း၁၂၃ စီးရှိသည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းနှင့် ကျောက်လင်းလမ်းများဖြစ်ပြီး ပျက်စီးမှုများရှိသဖြင့် ပြုပြင်ရန်လိုအပ်သည်။ အချို့နေရာများတွင် မိုးတွင်းအချိန်၌ သွားလာရန်ခက်ခဲသောကြောင့်အဆင့်မြှင့်ရန်တင်ပြကြသည်။ ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ကာ ကောင်းမွန်သည်။

ကျေးရွာတွင်း သစ်သားတံတား(၃)စင်းနှင့်ရေပြွန် (၃)ခုရှိသည်။ အသင့်အတင့်ကောင်းမွန်ပြီး တစ်နှစ်ပတ်လုံးအသုံးပြုကြသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ၂၀၁၃ စက်တင်ဘာလမှစ၍ မဟာဓါတ်အားလိုင်းရရှိခဲ့ပြီး မဟာဓါတ်အားလိုင်းသုံးစွဲသူ အိမ်ထောင်စု ၂၁၆ စု ၊ ဆိုလာစနစ်သုံးစွဲသူ ၃၃၄ စုနှင့် ဒီဇယ်အင်ဂျင်သုံးစွဲသူ ၁ အိမ်နှင့် လျှပ်စစ်မီးမသုံးစွဲနိုင်သောအိမ်ထောင်စု (၄၆) စုရှိသည်။ ဆိုလာအလုံးရေ ၁၅၁လုံး ရှိပြီး ရာသီဥတုမကောင်းပါက အားမပြည့်ပါ။ မီးထွန်းရန်အတွက်သာ သုံးရပြီးကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများ အသုံးပြုမရနိုင်သောကြောင့် အခက်အခဲများရှိသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက် ၈၃၃ လုံးရှိပြီး အမ်ပီတီ၊ တယ်လီနော နှင့် စီဒီအမ်အေ ၃ မျိုးစလုံးလိုင်းမိပြီး လိုင်းကောင်းသည်။ ရေဒီယိုအလုံး (၂၁၄) ၊ တီဗီ ၁၆၀လုံးနှင့် ဂြိုလ်တုစလိုင်း (၈၇) လုံး ရှိသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်းနှင့် အထက်တန်းကျောင်းခွဲ တစ်ကျောင်းရှိသည်။ အထက်တန်းကျောင်းခွဲတွင် ကျောင်းဆောင် (၃) ဆောင် ရှိသော်လည်း ကျောင်းဆောင်လုံလောက်မှုမရှိပါ။ ကျောင်းပရိဘောဂများလည်း လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာအခြေအနေကောင်းမွန်သော်လည်း ရေလုံလောက်မှုမရှိပါ။

စာမတတ်သော လူဦးရေအနည်းငယ်ရှိပြီး သက်ကြီးရွယ်အိုများဖြစ်ကြသည်။ မူလတန်းအဆင့် စာတတ်မြောက်မှုမှာ (၂၆.၈) ရာခိုင်နှုန်း အထိရှိပြီး အလယ်တန်းအဆင့် စာတတ်မြောက်မှုမှာ (၂၅.၇) ရာခိုင်နှုန်း ၊ အထက်တန်းအဆင့် စာတတ်မြောက်မှုမှာ (၁၂.၅)ရာခိုင်နှုန်း နှင့်

တက္ကသိုလ်စာတတ်မြောက်မှုမှာ (၂.၄) ရာခိုင်နှုန်း တို့ဖြစ်သည်။ အထက်တန်း နှင့် တက္ကသိုလ် အဆင့် စာတတ်မြောက်မှုများမှာ တဖြည်းဖြည်း နည်းလာသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် နှစ်စဉ်ကာကွယ်ဆေးများပုံမှန်ထိုးပေးလေ့ရှိသည်။ အာဟာရပညာပေး အစီအစဉ်များကိုလည်း ကျောင်းတွင်ပြုလုပ်လေ့ရှိသည်။ ကျေးလက်ကျန်းမာရေး ဌာနခွဲရှိပြီး ကျွမ်းကျင်ဝန်ထမ်းများမရှိသောကြောင့် အရေးပေါ်အခြေအနေများတွင် မြို့နယ်ဆေးရုံသို့ ပို့ဆောင်ရသည်။ အရေးပေါ်သွားလာရန်ယာဉ်အခက်အခဲဖြစ်သောကြောင့် အရေးပေါ်ယာဉ် လိုအပ်သည်။

ကျေးရွာတွင် သောက်ရေတွင်း(၃၇၃) တွင်း၊ အဝီစိတွင်းစက်တပ် ၁တွင်း၊ အဝီစိတွင်း/ တုံကင် ၁၅တွင်း၊ ကိုယ်ပိုင်ရေကန် ၁ခုနှင့် စိမ့်စမ်းရေသုံးစွဲသူ (၉၅) အိမ်ရှိသော်လည်း ရေအရည် အသွေးကောင်း/မကောင်းမသိကြပါ။ အိမ်ထောင်စု(၂၉)စုမှာ ရေတွင်းရှိသောအိမ်များနှင့် အများ ပိုင်များသို့ သွားရောက်ခပ်ယူသုံးစွဲကြသည်။ UNDP မှပြုလုပ်သောရေတွင်း (၃)တွင်း၊ ကျေးလက် မှ ဆောင်ရွက်သော ရေတွင်း (၆)တွင်း ရှိသည်။ UNDP မှ ဆောင်ရွက်ပေးထားသော ရေတွင်း များမှာ ရေမထွက်၍ အသုံးပြုနိုင်ခြင်း မရှိတော့ပါ။ စိမ့်စမ်းကို ဂရုဏာဖောင်ဒေရှင်းမှ ၂၀၀၀ ခုနှစ်တွင် (၁)ခုနှင့် ၂၀၀၆ ခုနှစ်တွင် (၁)ခု ဆောင်ရွက်ပေးခဲ့သည်။ အချို့ သောက်ရေတွင်းများ မှာ မိုးရာသီနှင့်ဆောင်းရာသီ၌သာ ရေလုံလောက်မှုရှိပြီး နွေရာသီ တွင် လုံလောက်မှုမရှိပါ။ စိမ့်စမ်းမှာလည်းနွေရာသီအချိန်တွင် နည်းသွားပြီးလုံလောက်မှု မရှိပါ။

ကျေးရွာတွင် ရေဆွဲအိမ်သာသုံးစွဲသူ ၂ အိမ်၊ ရေလောင်း/ယင်လုံအိမ်သာသုံးစွဲသူ ၄၉၆ အိမ်၊ တွင်းအိမ်သာသုံးစွဲသူ ၈၉ အိမ်နှင့် အိမ်သာမရှိသူ ၇ အိမ်ရှိသဖြင့် ယင်လုံအိမ်သာသုံးစွဲနိုင်မှု ၈၃.၈% သုံးစွဲနိုင်သည်ကိုတွေ့ရှိရပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု၊မြေယာမဲ့များနှင့် လက်လုပ်လက်စား ကျပန်းများ သည် သဘာဝဘေးအန္တရာယ်နှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေကြုံတွေ့ပါက ထိခိုက် ခံစားရလွယ်ကူနိုင်ပါသည်။

မြေဆီလွှာအခြေအနေ၊ တိရစ္ဆာန်မျိုးကွဲများနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့တွင် အန္တရာယ် ရှိမြင့်သည်။ သဘာဝပေါက်ပင်များမှာ ထိရောက်စွာအသုံးမပြုနိုင်ခြင်းကြောင့် ကျန်ရှိနေသေး သော်လည်း တိရစ္ဆာန်မျိုးစိတ်များကို စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းကြောင့် ရှားပါးလာပြီဖြစ် သည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင်စီမံအုပ်ချုပ်မှုစနစ်နှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ခေါင်းဆောင်မှုမရှိသေးပါ။ ဖွံ့ဖြိုးရေးလုပ်ငန်းတွင်တော့ တက်ကြွစွာပါဝင်ကြသည်။ အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်မှုများအတွက် ဥပဒေအရအသိအမြင်မရှိသေးပါ။ ထိုကြောင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင် ရေးသင်တန်းများ၊ အိမ်တွင်းအကြမ်းဖက်မှု ဥပဒေအသိပညာပေးရေးသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်များ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း	၁။ ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း	၁
၂	ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ ကျောင်းဆောင်သစ်တိုးချဲ့ခြင်း ၂။ ကျောင်းစာကြည့်တိုက်ဆောက်လုပ်ပေးခြင်း ၃။ ကျောင်းသုံးပရိဘောဂများပံ့ပိုးပေးခြင်း ၄။ ကျောင်းအားကစားပစ္စည်း ၅။ ဆင်းရဲသားပညာရေးရံပုံငွေထူထောင်ခြင်း	၂
၃	ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ ဆေးစိမ်ခြင်ထောင်များဖြန့်ဖြူးပေးခြင်း ၂။ အရေးပေါ်လူနာတင်ယာဉ် ၃။ ဆေးရုံးသုံးပစ္စည်းကိရိယာများထောက်ပံ့ပေးရန်	၃
၄	စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။ စပါးမျိုးကောင်းမျိုးသန့် ရရှိရေး ၂။လယ်ယာသုံးစက်ကရိယာ အရစ်ကျရောင်းချခြင်း	၄
၅	သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ ဆိုင်ကယ်/သုံးဘီးတက္ကစီထူထောင်ခြင်း	၅

၆	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁။ ရိုးရာတီးဝိုင်း/ ခေတ်ပေါ်တီးဝိုင်းထူထောင် ခြင်း ၂။ အားကစားပစ္စည်းများ ပံ့ပိုးခြင်း ၃။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေး သင်တန်း ၄။ လူကုန်ကူး ကာကွယ်တားဆီးရေးအသိပညာ ပေးသင်တန်း ၅။ နှစ်စဉ်စာပေဟောပြောပွဲ ကျင်းပခြင်း ၆။ ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း	၆
၇	စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း	၁။ ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းမှုသင်တန်း ၂။ သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း ၃။ မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း ၄။ ကိုင်းကူးကိုင်းဆက်သင်တန်း	၇
၈	သောက်ရေနှင့် သန့်ရှင်းမှုဖွံ့ဖြိုးမှု စီမံကိန်း	၁။ သောက်ရေအရည်အသွေးစစ်ဆေးပေးရန် ၂။ ဆင်းရဲသားများအားယင်လုံအိမ်သာထောက်ပံ့ပေးရန်	၈
၉	စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။ စက်၊ လက် ယက္ကန်းသင်တန်း ၂။ အလှပြင်သင်တန်း ၃။ စက်ချုပ်/ဒီဇိုင်နာ အဆင့်မြှင့်သင်တန်း ၄။ အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ထုတ်လုပ်မှု သင်တန်း ၅။ လက်သမား/ပန်းရံ အဆင့်မြှင့်တင်ရေးသင်တန်း ၆။ သံဂဟေဆော်ခြင်းသင်တန်း၊သံပန်းပြုလုပ်ခြင်း သင်တန်း ၇။ ရိုးရာယက္ကန်းသင်တန်း/စက်ယက္ကန်းသင်တန်း	၉
၁၀	ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေ	၁၀
၁၁	စိုက်ပျိုးရေ ရရှိရေးဖွံ့ဖြိုးမှု စီမံကိန်း	၁။ ရေသွင်းမြောင်းများအားအဆင့်မြှင့်တင်ခြင်း	၁၁
၁၂	ကျန်းမာရေး နည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။ ကျန်းမာရေးအသိပညာပေးသင်တန်းများနှင့် ဟောပြောပွဲများပြုလုပ်ပေးရန်	၁၂

၁၃	အမျိုးသမီးများစွမ်းဆောင် ရည်ဖွံ့ဖြိုးမှုစီမံကိန်း	၁။ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်ခြင်း ဥပဒေသင်တန်း ၂။ အမျိုးသမီးကာကွယ်စောင့်ရှောက်နည်းသင်တန်း	၁၃
၁၄	သဘာဝဘေးလျော့ချရေးစီမံကိန်း	၁။ မီးသတ်ကားထူထောင်ခြင်း	၁၄
၁၅	သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ လူထုနှစ်ရှည်ကျွန်းစိုက်ခင်းထူထောင်ခြင်း	၁၅

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၄၈ဧယား)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဧယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဧယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃၃	၂၆	၅၉
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၀၆	၉၈	၂၀၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၅၁	၂၂၄	၄၇၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၀၁	၂၀၅	၄၀၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၆၈	၁၀၈၃	၂၁၅၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၉၇	၁၂၁	၂၁၈
စုစုပေါင်း		**၁၇၅၆**	**၁၇၅၇**	**၃၅၁၃**
စုစုပေါင်း အိမ်ထောင်စု (၅၉၄)		**တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၅.၉**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၉၄) ရှိပြီး လူဦးရေပေါင်း ၃၅၁၃(ကျား ၁၇၅၆ + မ ၁၇၅၇) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၉ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် အနည်းငယ်များနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၅၉ ဦး၊ ၁.၆၈% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်း ကျဆင်းလာနေသည်ကိုတွေ့ရသည်။ ၅နှစ်အောက်ကလေး ၂၀၄ ဦး(၅.၈%) ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ်ကလေး ၄၇၅ဦး (ကျား ၂၅၁+မ ၂၂၄) နှင့် အလယ်တန်းကျောင်းသား အရွယ် ၄၀၆ဦး (ကျား ၂၀၁ + မ ၂၀၅) ရှိသည်ကို သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေနိုင်ခြင်း ရှိ/မရှိ ကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သောအရွယ် ၂၁၅၁ (ကျား ၁၀၆၈ + မ ၁၀၈၃)၊ (၆၁.၂%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ အသင့်အတင့်များပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင်စွမ်းရည်မြှင့်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အထောက်အကူဖြစ်မည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၂၁၈ ဦး (ကျား ၉၇ + မ ၁၂၁) ဦး (၆.၂%) ရှိသဖြင့် ကျေးရွာတွင် ကျန်းမာရေး အသင့်အတင့်ကောင်းမွန်သည်ကို တွေ့ရသည်။ သက်ကြီးရွယ်ကြီးတွင်အမျိုးသမီးဦးရေသည် အမျိုးသား

ဦးရေထက် ၂၄ ဦး (၁၁.၀၀%) ပိုများနေသည်ကို တွေ့ရသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ရှည်သည်ကိုတွေ့နိုင်သည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၅၁	၆၁၁	၂	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၀၅	၄၅၂	၂	မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၃	၃	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၂		မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်ေ ော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း		၁	၁	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၄	၂	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၄	၃	မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၇	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄	၃၃	၆၄	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /			၁	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်ေ ေ အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၆	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၁	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၆	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်ေ ော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း			၆	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၁၀	၂၁၇	၃၅	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၁၆၃	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၅၉၄	၁၃၃၂	၃၀၆	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင် လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ခြေ ၅၉၄ ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သူ (၄၅၆) အိမ် (ကပ ၂၅၁ + လသ ၂၀၅)၊ စိုက်ပျိုးရေးတွဲဖက်လုပ်ငန်းအဖြစ်လုပ်ကိုင်သော အိမ်(၃)အိမ် (ကပ ၂ + လသ ၁) ၊မွေးမြူရေးကိုအဓိကလုပ်ကိုင်သော အိမ်(၂)အိမ်၊ မွေးမြူရေး ကိုတွဲဖက်လုပ်ငန်း အဖြစ် ကိုယ်ပိုင်လုပ်ကိုင်သော အိမ် (၃)အိမ်၊ သတ္တုတူးဖော်ရေးလုပ်ငန်း ရွှေမော် လုပ်ငန်းကို အဓိက လုပ်ကိုင်သူ ကိုယ်ပိုင် (၁)အိမ်၊ ထုတ်ကုန်လုပ်ငန်း ဆန်စက်လုပ်ငန်းကို တွဲဖက် လုပ်ကိုင်သူ ကိုယ်ပိုင် ၁ အိမ် ၊ဆောက်လုပ်ရေး လက်သမားလုပ်ငန်းကို အဓိကအဖြစ်လုပ်ကိုင်သူ ၄အိမ်

(ကပ ၂ + လသ ၂)နှင့် တွဲဖက်အဖြစ်လုပ်ကိုင်သူ (၂) အိမ်(ကပ ၁+ လသ ၁) ပန်းရံလုပ်ငန်းကို အဓိကလုပ်ငန်း အဖြစ် လုပ်ကိုင်သူ ကိုယ်ပိုင်(၁)အိမ်နှင့် ပန်းရံလုပ်ငန်းကိုလုပ်သား အဖြစ် တွဲဖက်လုပ်ကိုင်သူ (၁)အိမ်၊ ဆိုင်ကယ်ဝပ်ရှော့လုပ်ငန်းကို တွဲဖက်အဖြစ်ကိုယ်ပိုင်လုပ်ကိုင် နေသူ(၁) အိမ်၊ အလှပြင်လုပ်ငန်းကို လုပ်သားအဖြစ် တွဲဖက်လုပ်ကိုင်နေသူ (၁)အိမ်နှင့် စက်ချုပ်လုပ်ငန်းကို လုပ်သားအဖြစ်တွဲဖက်လုပ်ကိုင် နေသောအိမ် (၅)အိမ်၊ အရောင်းအဝယ်ကို အဓိကလုပ်ငန်းအဖြစ် လုပ်ကိုင်နေသောအိမ်(၁၅)အိမ် (ကပ ၁၄+လသ ၁)၊တွဲဖက်အဖြစ်အရောင်းအဝယ်ကို လုပ်ကိုင်နေသော အိမ်(၅၇)အိမ်၊ တွဲဖက်လုပ်ငန်းအဖြစ် ဟိုတယ်နှင့်ကြိုလုပ်ကိုင်နေသူ(၁) အိမ်၊ ပို့ဆောင်ရေး လုပ်ငန်း အဓိကလုပ်ကိုင်သူ (၁) အိမ်နှင့် တွဲဖက်လုပ်ကိုင်သောအိမ်ထောင်စု (၆) အိမ် (ကပ ၃ + လသ ၃)၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် ဝန်ထမ်းလုပ်ကိုင်သူ ၂ အိမ်၊ ပညာရေးဝန်ထမ်းလုပ်ကိုင်သူ ၁ အိမ် ၊ မူကြိုဆရာမအဖြစ် တွဲဖက် လုပ်ကိုင်သူ (၁) အိမ်၊ အဓိကအဖြစ် ကျန်းမာရေးဝန်ထမ်းလုပ်ကိုင်သူ (၁) အိမ် ၊ သူနာပြုအဖြစ်တွဲဖက် လုပ်ကိုင်သော အိမ် (၁) အိမ်၊ လူမှုရေးလုပ်ငန်းဖြစ်သော ဓမ္မဆရာအဖြစ် အဓိကလုပ်ကိုင်သော အိမ် (၁)အိမ်နှင့် တွဲဖက်အဖြစ် သင်းထောက်လုပ်ကိုင်သောအိမ်(၄)အိမ်၊ အမှုတော် ဆောင်လုပ်ကိုင်သော အိမ်(၅)အိမ်၊ ကျပန်းလုပ်ငန်းလုပ်ကိုင်သူ ၁၁၀ အိမ်နှင့် တွဲဖက်အနေဖြင့် နိုင်ငံခြားသို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူ (၁၂၀) အိမ် ၊ကျပန်းလုပ်ငန်းကို တွဲဖက်လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (၂၅)အိမ်၊ စုစုပေါင်း (၅၉၄) အိမ် ဖြစ်သည်။ ၄င်းတို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ၂၇၂ အိမ်နှင့် အလုပ်သမား/ဝန်ထမ်း လုပ်ကိုင်သူ ၃၂၂ အိမ်ဖြစ်သည်။ ဇယား (၁) တွင် အလုပ်လုပ်နိုင် သော အရွယ် (၂၁၅၁) ဦးရှိသော်လည်း ယခုအလုပ်လုပ်ကိုင်သူ ဦးရေစုစုပေါင်းမှာ (၁၆၃၈) (၁၃၃၂ + ၃၀၆= ၁၆၃၈) ဦးနှင့် အလုပ်လုပ်နိုင် သည့်အရွယ် အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်နေသူ စုစုပေါင်း(၂၅၅)ဦးမှအပ ကျန်ကျောင်းမနေတော့သည့် အလုပ်လုပ်သည့်အရွယ် ၂၅၈ ဦးမှာ အလုပ် လက်မဲ့ဖြစ်နေကြသည်။ အလုပ်လုပ်ကိုင်နေသူ(၁၆၃၈)ဦးတွင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူ (၁၆၃)ဦး (၉.၉%) ရှိသောကြောင့် ကျေးရွာတွင် အလုပ် အကိုင်အခွင့် အလမ်းနည်းပါးကြောင်းတွေ့ရှိရပါသည်။ ၅၉၄ အိမ်မှအလုပ်လုပ် နေသူ ၁၆၃၈ ဦးရှိသောကြောင့် မိသားစုစားဝတ်နေရေးအတွက် တစ်အိမ်ထောင် ပျမ်းမျှ ၂.၇၅ ယောက်အလုပ်လုပ်နေကြောင်း သိနိုင်သည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ ၃၀၆ ဦး ရှိသည်ကို ကြည့်ခြင်းအားဖြင့် ၅၉၄ အိမ်မှ ၃၀၆ ဦး သည်မိသားစု ရပ်တည်ရေးအတွက် လုပ်ငန်း တစ်မျိုးထက်ပို၍ လုပ်နေကြရသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၅၀၀၀	၆၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစား ၂ မျိုးရှိသည်။ ၄င်းတို့မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေး လက်သမား၊ ပန်းရံလုပ်ငန်းများ ဖြစ်သည်။ ၄င်းလုပ်ငန်းများအနက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသားနှင့်အမျိုးသမီးလုပ်အားခ တန်းတူရကြပြီး ဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူမရကြပါ။ ကျေးရွာတွင် ကျား/မ လုပ်အားခ ခွဲခြားကြောင်းတွေ့မြင် ရ သည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၇၀၆	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၁၀	ကောင်း ☐	သင့် ☒	ညံ့ ☐
ဥယျာဉ်ခြံမြေ	၈၀၀	ကောင်း ☐	သင့်☐	ညံ့ ☒
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၂၄၉	ကောင်း ☐	သင့်☐	ညံ့☒
စုစုပေါင်း	၂၀၆၅	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ် ၇၀၆ ဧက၊ တောင်ယာမြေ ၃၁၀ ဧက၊ ဥယျာဉ်ခြံမြေ ၈၀၀ ဧက နှင့် မြေလွတ်မြေလပ် ၂၄၉ ဧက၊ စုစုပေါင်း မြေ (၂၀၆၅) ဧက ရှိသည်။ဥယျာဉ်ခြံမြေများသည် မြေဩဇာညံ့သော်လည်း လယ်မြေ၊ ယာမြေ/ တောင်ယာမြေမှာ မြေဆီလွှာ အရည်အသွေးသင့်သည်။ မြေလွတ်မြေလပ်များရှိသော်လည်း တောင်ယာဟောင်းများနှင့် ငွေကြေးအခက်အခဲများကြောင့် စိုက်ပျိုးမြေချဲ့ထွင်နိုင်ခြင်းမရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☒	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☒
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☒ နည်း ☐ မရှိ ☐	လွယ်☐ ခက်☒ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☒ မရှိ ☐	လွယ် ☐ ခက်☒အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☒မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်များမရှိပါ။ ကျေးရွာအနီးတွင်ကျောက်တောင်များရှိသောကြောင့် ဆောက်လုပ်ရေးအတွက် လမ်းခင်းကျောက်ကို ရရှိနိုင်ပါသည်။ ရွာအနီးတွင် သဘာဝ ပေါက်ပင်များအနေဖြင့် သဘာဝပေါက် ဆေးဖက်ဝင်အပင်များမှာ ဆင်တုံးမန္တယ်၊ လောက်သေရွက်၊ ကြောင်သျှာ၊ ကျောက်ဆက်နွယ်ပင်၊ ကျားလက်ဝါးပင်နှင့် တပင်တိုင်မြနန်းပင်များရှိသော်လည်း ကျွမ်းကျင်မှုမရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာအသုံးမပြုနိုင်ကြပါ။ တိုင်းရင်းဆေးပညာသင်ကြားနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အကျိုးရှိလာ မည်ဖြစ်သည်။ သဘာဝတိရစ္ဆာန်များမှာ တောဝက်၊ချေ၊ဖြူ၊ ဆတ် စသည့်အနည်းငယ်သော တိရစ္ဆာန်မျိုးစိတ်များသာကျန်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန် မပြေလည် သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၅ကေအထက်	၁၅ကေ-၅ကေ	၅ကေအောက်	မြေယာမဲ့
အိမ်အခြေအနေ	ကာလာသွပ်မိုး၊ အုတ်တက်၊ ကြွေ ပြားခင်း	သွပ်မိုး၊အုတ်ကာ၊ သံမံတလင်းခင်း	သွပ်မိုး၊ပျဉ်ခင်း၊ ထရံကာ	သက်ကယ်မိုး၊ ထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ဆန်စက်၊လက်တွန်း ထွန်စက်၊ထော်လာဂျီ၊ ရိတ်သိမ်းစက်၊ ခြွေလွှေစက်	လက်တွန်းထွန်စက် ၊မြက်ရိတ်စက်၊	ပေါက်ပြား၊ ပေါက်တူး၊ခါး	ပေါက်ပြား၊ ပေါက်တူး၊ ခါး
အဓိကစီးပွားရေး	တောင်ယာ၊	တောင်ယာ	စိုက်ပျိုးရေး၊	ကျပန်း

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန် မပြေလည် သော အိမ်ထောင်စု
လုပ်ငန်း	ကုန်စုံဆိုင်၊သစ်		ကျပန်း	
အိမ်ထောင်စု (၅၉၄)	၁၅	၁၃၉	၂၈၇	၁၅၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ လွယ်ခေါကျေးရွာတွင် အိမ်ခြေ ၅၉၄အိမ်ရှိပြီး အဆင့် ၁ (၁၅) အိမ် (၂.၅ %)၊ အဆင့် ၂ (၁၃၉)အိမ် (၂၃.၄%)၊ အဆင့် ၃ (၂၈၇) အိမ် (၄၈.၃%)၊နှင့် အဆင့် ၄ (၁၅၃) အိမ် (၂၅.၇၅%) ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်း ပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့် ခွဲရာတွင် အဓိက အရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁အိမ် နှင့် အဆင့် ၂ အရေအတွက်မှာနည်းပါးပြီး အဆင့် ၃နှင့် အဆင့် ၄ အိမ် အရေအတွက်မှာ များပြားကြောင်းတွေ့ရှိရသည်။ အဆင့်(၁)နှင့် (၂) အိမ်ထောင်စုများသည် ဝမ်းစာဖူလုံကြသော်လည်း အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင် မပြေအိမ်ထောင်စု အရေအတွက်မှာ ၅၉၄ အိမ်အနက် ၄၄၀ အိမ်ရှိသည်။ ၎င်းအိမ်များ၏ ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့် အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ်များသို့ ကျပန်းသွားရောက် လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင် မရှိ၊ လုပ်အားခမှာလည်း အလွန်နည်းသောကြောင့် ပြင်ပ(ပြည်တွင်း/ပြည်ပ)သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်ကြရသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁၅		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို များနှင့် မသန်စွမ်းသူများမရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ၅၀ စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တခုလပ် အိမ်ထောင်စုမှာ ၁၅စုရှိသည်။ ကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲသူများသောကြောင့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများရခြင်း ဖြစ်သည်။ ရွာအတွင်းတွင် အလုပ်အကိုင်ရှားပါးသောကြောင့် အခြားဒေသသို့ကြာမြင့်စွာသွားရောက် လုပ်ကိုင်သော အိမ်ထောင်စု ၁၀ စုရှိသည်။၄င်းတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်း လုပ်ငန်း ကျွမ်းကျင်မှု ရှိလာပါက ဆင်းရဲသားများ မိသားစုဝင်ငွေ တိုးလာနိုင်ပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ သစ်တောပြုန်းတီးခြင်းမှာ ထိခိုက်လွယ်မှုမြင့်သည်။ သစ်တောများကို စည်းကမ်းမရှိခုတ်လှဲခြင်း၊ ဥပဒေစိုးမိုးမှုအားနည်းခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ကျင့်သုံးခြင်းနှင့် ထင်းမီးသွေးစီးပွါးဖြစ်ထုတ်ယူခြင်း တို့ကြောင့် ဖြစ်သည်။

စားနပ်ရိက္ခာမဖူလုံမှု၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု၊ ဌက်ဖျားရောဂါ၊ တီဘီရောဂါနှင့်တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုမှာလတ်ဖြစ်သည်။ မြေနိမ့်ပိုင်းများတွင်ချောင်းရေလျှံသောအချိန်များ၌ ရေကြီးမှုဖြစ်ပေါ်သည်။ သစ်တောများအလွန်အကျွံ လုတ်သောကြောင့် မြေဆီလွှာပျက်ဆီးမှုရှိသည်။

မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ ငလျင်၊ မီးဘေး၊ ကိုယ်ခံအားကျဆင်းမှုရောဂါ နှင့် ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ခက်ခဲသည့် ထိခိုက်လွယ်မှု နိမ့်သည်။

(ဇ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်	မရှိ ☒
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု၊ ဆင်းရဲသား တောင်သူများ၊ လက်လုပ်လက်စား များ၊ ကျပန်းများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ကားမောင်းပြီး အသက်မွေးသူများသည် ထိခိုက်သက် ရောက်နိုင်မှု မြင့်သည်။

လူငယ်များ နှင့် ရွှေ့ပြောင်းလုပ်သားများ ထိခိုင်သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ မိသားစုဝင်ငွေ အတွက် အဓိကအလုပ်လုပ်ကိုင်ရသူများဖြစ်ပြီး မိသားစုနှင့် ဝေးကွာစွာသွားရောက် အလုပ်လုပ်ကိုင်ရ သောကြောင့် ကူးစက်ရောဂါများ အလွယ်တကူ ကူးစက်ခံရနိုင်မှုများခြင်း၊ ယာဉ်အန္တရာယ် အချိန်မရွေး ကျရောက်နိုင်ခြင်း၊လူကုန်ကူးခံရနိုင်ခြေများခြင်း၊ ခိုက်ရန်ဖြစ်ပွါးမှုများခြင်းကြောင့် ထိခိုက်သက်ရောက် နိုင်မှု မြင့် ရခြင်းဖြစ်သည်။

အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စုထိခိုက်လွယ်မှုမြင့်ရခြင်းမှာ အလုပ်အကိုင် နှင့် ဝင်ငွေပုံမှန်မရှိခြင်း မိသားစုများခြင်းတို့ကြောင့်ဖြစ်သည်။

လက်လုပ်လက်စားကျပန်းများသည်လည်း ပုံမှန်အလုပ်အကိုင်မရှိခြင်း၊ လုပ်အားခနည်းခြင်းတို့ ကြောင့် ထိခိုက်လွယ်မှုမြင့်ရခြင်းဖြစ်သည်။

ကားမောင်းပြီးအသက်မွေးသူများသည် အချိန်မရွေးယာဉ်အန္တရာယ် ကျရောက်နိုင်သောကြောင့် ထိခိုက်သက်ရောက်နေမှု မြင့်ခြင်းဖြစ်သည်။

ကျန်လူအုပ်စုများမှာ ထိခိုက်သက်ရောက်နိုင်မှု နိမ့်အခြေအနေတွင်ရှိသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိ/ရပ်ဖ	၁☐ ၂☒ ၃☐	၇		၇	ပညာရေး ☐ ငွေကြေး ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☒ သင့် ☐ ညံ့ ☐
၂	မီးသတ်	၁☐ ၂☒၃☐	၂၀		၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ကောင်း ☐ သင့် ☒ ညံ့ ☐
၃	မူရင်းနှစ်ခြင်း အသင်းတော်	၁☐ ၂☐ ၃☒	၅	၄	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☒ သင့် ☐ ညံ့ ☐
၄	လီဆူနှစ်ခြင်း အသင်းတော်	၁☐ ၂☐ ၃☒	၄	၃	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☒ သင့် ☐ ညံ့ ☐
၅	KBC	၁☐ ၂☐ ၃☒	၇	၆	၁၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☒ သင့် ☐ ညံ့ ☐
၆	RC	၁☐ ၂☐ ၃☒	၆	၃	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒	ကောင်း☒ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၇	လော်ဝေါ် အသင်းတော်	၁☐ ၂☐ ၃☒	၄	၁	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း☒ သင့် ☐ ညံ့ ☐
၈	ကျောင်းကော်မတီ	၁☐၂☒ ၃☐	၆	၅	၁၁	ပညာရေး ☒ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း☐ သင့် ☒ ညံ့ ☐
၉	ကျောင်းအကျိုးတော်ဝင်	၁☐၂☒ ၃☐	၈	၃	၁၁	ပညာရေး ☒ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး	ကောင်း☐ သင့် ☒ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်း အဖွဲ့ပေါင်း (၉) ဖွဲ့ရှိပြီး (၅)ဖွဲ့မှာ ဘာသာရေး ကိုအခြေခံပြီး၊ (၂)ဖွဲ့ မှာ ပညာရေးကိုအခြေခံကာ ကျန်(၂)ဖွဲ့မှာ သာရေး /နာရေး ၊လူမှုဖွံ့ဖြိုးရေး၊လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများဖြစ်သည်။ ဘာသာရေးအဖွဲ့နှင့်ရပ်မိ/ရပ်ဖအဖွဲ့ကို သုံးသပ်ရာတွင် ကျေးရွာ မှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝ ရှိပြီး လူထုနှင့်လည်း အချင်းချင်းအပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ ပြင်ပမှဖွဲ့သောအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုသည် သင့်သာရှိသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ်

ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ဆောင်နေသော ပြင်ပအဖွဲ့အစည်းများလက်ရှိ တွင်မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

ကျောင်းဆရာ/မ ရရှိနိုင်မှု	လုံလောက် ☒ မလုံလောက် ☐
တပည့် – ဆရာ အချိုး	၄၀: ၁ အောက် ☒ ၄၀: ၁ အထက် ☐

အခက်အခဲ/ ပြဿနာ	ရှင်းလင်းချက်
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိ ☐ နည်း ☒ လတ် ☐ များ ☐
မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်	ရှိ ☐ မရှိ ☒
ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ	လုံလောက် ☒ မလုံလောက် ☐
ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု	မြင့် ☒ အသင့်အတင့် ☐
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု	မရှိ ☒ နည်း ☐
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ကောင်း ☒ သင့် ☐ ညံ့ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ တပည့်ဆရာအချိုးမှာ ၄၀: ၁ အောက်ရှိသောကြောင့် ဆရာ/ဆရာမ လုံလောက်မှုရှိသော်လည်း ဘာသာရပ်သင်သောဆရာမများ မလုံလောက်ပါ။ (၁၆)မိုင်ရှိ မူလတန်းကျောင်းတွင် ကျေးရွာမှလစာပေးခန့်ထားသော ဆရာမ(၁)ဦးရှိသည်။ ဆရာမငှားရမ်းခမှာ တစ်လ (၅၀၀၀၀) ကျပ် ဖြစ်ပြီး ကျေးရွာမှအလှူခံပေးခြင်းဖြစ်သည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် မရှိပါ။ မူလတန်းအဆင့် ကျောင်းထွက်နှုန်းနည်းသော်လည်း အလယ်တန်းပညာကျောင်းထွက်နှုန်း များပြားသည်။ ကျောင်းသုံးစာအုပ်နှင့် စာရေးကရိယာလုံလောက်မှုရှိသည်။ ဆင်းရဲသော မိသားစုများ အတွက်ကျောင်းစရိတ်မတတ်နိုင်မှုမှာမြင့်သည်။ ထို့ကြောင့် ဆင်းရဲ၍ကျောင်းမနေနိုင်သော အိမ်ထောင် စုများအတွက် ဆင်းရဲသားပညာရေးရန်ပုံငွေ ထူထောင်ပေးရန်တင်ပြအပ်ပါသည်။ ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းလုံလောက်မှုမရှိပါ။ မိဘဆရာအသင်း၏ အခန်းကဏ္ဍ ကောင်းမွန် သည်။

(၈) ကျန်းမာရေးနှင့် အာဟာရ

(၈-၁) အဖြစ်များသော ရောဂါများ

၈ယား (၃၄) အဖြစ်များသော ရောဂါများ

စဉ်	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်☐	နိမ့်☒	မရှိ☐
၂	သွေးလွန်တုပ်ကွေး	မြင့်☒	နိမ့်☐	မရှိ☐
၃	၄က်ဖျား	မြင့်☒	နိမ့်☐	မရှိ☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်☐	နိမ့်☒	မရှိ☐
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်☐	နိမ့်☒	မရှိ☐

စဉ်	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၆	တီဘီ	မြင့်☐	နိမ့်☒	မရှိ☐
၇	ဆီးချို	မြင့်☒	နိမ့်☐	မရှိ☐
၈	သွေးတိုး	မြင့်☒	နိမ့်☐	မရှိ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်☐	နိမ့်☒	မရှိ☐
၁၀	အာဟာရ ချို့တဲ့မှု	မြင့်☒	နိမ့်☐	မရှိ☐
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်☐	နိမ့်☐	မရှိ☒

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန် တုတ်ကွေး နှင့်ငှက်ဖျား ဖြစ်ပွါးမှု မြင့်သည်။ အဟာရချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှု မြင့်သည်။ ဟင်းချိုမှုန့်၊အရောင်ဆိုးဆေးပါသောအစားအစာများ၊ နေ့စဉ်စားသုံးနေရသော အစားအစာများမှာသန့်ရှင်းမှုနည်းပါးခြင်း၊ စားသုံးဆီများမသန့်ခြင်း၊ ကြာရှည် ခံဆေးများအသုံးပြုထားသော အစားအသောက်များခြင်း၊ ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးအလွန်အကျွံ သုံးစွဲထားသော အသီးအရွက်များကို နေ့စဉ်ဝယ်ယူစားသုံးနေကြရခြင်း၊ ၎င်းအစားအစာများကိုလည်း အစိုးရမှ စနစ်တကျကြီးကြပ်စီစစ်မှုမရှိခြင်း၊ ကျန်းမာရေးဗဟုသုတနည်းပါးခြင်း၊ ကျန်းမာရေး လေ့ကျင့်ခန်းလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုး ရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ် ကုန်ကျမှုများကြသည်။ အများစုမှာ ဆင်းရဲသားများဖြစ်သောကြောင့် အာဟာရချို့တဲ့မှုမြင့်သည်။ ကျေးရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်သော ရောဂါ များမှာ ဖြစ်ပွားမှုနိမ့်သည်။ ကျန်းမာရေးဗဟုသုတ အားနည်းကြသည်။ ထို့ကြောင့် ကျေးရွာကျန်းမာရေး အနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေးလေ့ကျင့်ခန်းသုံးကရိယာများ လိုအပ်လျက် ရှိသည်။

(၈-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	☒	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	☒	
၃	ပိုလီယိုရောဂါ	☒	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	☒	
၅	ဝက်သက်ရောဂါ	☒	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	☒	

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊အလေးချိန်၊လက်မောင်းပတ်)	☒	
၈	အာဟာရပညာပေး အစီအစဉ်	☒	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသည်။ အာဟာရ ပညာပေးအစီအစဉ်များကိုလည်းကျောင်းတွင် ပြုလုပ်ပေးလေ့ရှိသည်။

(၈-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

၈ယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☒ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☒ မရှိ ☐
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☒
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☒	ရှိ ☒ မရှိ ☐
ဆေးဆိုင်	ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☐ ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☒	ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☐ ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ☒

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂)

ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိပြီး သားဖွားဆရာမ (၁)ဦး ရှိသည်။ သားဖွားဆရာမလုံလောက်မှုမရှိခြင်း ၊ကျွမ်းကျင်မှုမရှိခြင်းသောကြောင့် အရေးပေါ်ကိစ္စရပ်များအား မြစ်ကြီးနားမြို့နယ်ဆေးရုံသို့ပို့ရသည်။ တိုက်နယ်ဆေးရုံ မရှိ၊ မြို့နယ်ဆေးရုံမှာ မြစ်ကြီးနားမြို့တွင်တည်ရှိပြီး ၁၈မိုင်ကွာဝေးသည်။ လမ်းကောင်းသော်လည်း အရေးပေါ်သွား လာရန်ယာဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများ အတွက်များစွာအခက်အခဲရှိသည်။ ထို့ကြောင့် အရေးပေါ်ယာဉ် လိုအပ်သည်။ ကျေးရွာအတွင်း ဆေးဆိုင်သီးသန့်မရှိ ဈေးဆိုင်များတွင်သာရောင်းသည်။ ထို့ကြောင့် စနစ်တကျ သိုလှောင်ထားခြင်းမရှိပါ။

(ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(ဈ-၁) သောက်သုံးရေ ရရှိမှု

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေးထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ")	ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေ ဆိုထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို)	သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါကနေ့၊ မိုးနှင့် ဆောင်းရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)
ရေတွင်း	၃၇၃	ရှိ☐ မရှိ☒	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☒ ဆောင်း ☒
အဝိစိတွင်း/ စက်တပ်	၁	ရှိ☐ မရှိ☒	ကောင်း☐ သင့်☐ ညံ့☐	နွေ ☒ မိုး ☒ ဆောင်း ☒
အဝိစိတွင်း/ တုံကင်	၁၅	ရှိ☐ မရှိ☒	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☒ ဆောင်း ☒
မိုးရေ သိုလှောင်ကန်		ရှိ☐ မရှိ☒	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
မြစ်/ချောင်းရေ	၁၀	ရှိ☐ မရှိ☒	ကောင်း☐ သင့်☐ ညံ့☐	နွေ ☒ မိုး ☒ ဆောင်း ☒
ရေကန်	၁	ရှိ☐ မရှိ☒	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေးထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ")	ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေ ဆိုထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို)	သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)
				မိုး ☒ ဆောင်း ☒
စိမ့်စမ်းရေ	၉၅	ရှိ☐ မရှိ☒	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☒ ဆောင်း ☒

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သောက်ရေတွင်း(၃၇၃) တွင်း၊ အဝိစိတွင်းစက်တပ် ၁ တွင်း၊ အဝိစိတွင်းတုံကင် (၁၅)တွင်း၊ ကိုယ်ပိုင်ရေကန် ၁ ခုနှင့် စိမ့်စမ်းရေသုံးစွဲသူ (၉၅) အိမ်ရှိသော်လည်း ရေအရည်အသွေး ကောင်း / မကောင်း မသိကြပါ။ ထို့ကြောင့် သောက်ရေအရည်အသွေးစစ်ဆေးရန် လိုအပ်သည်။ အိမ်ထောင်စု (၂၉)စုမှာ ရေတွင်းရှိသောအိမ်များနှင့်အများပိုင်တွင်းများသို့ သွားရောက် ခပ်ယူသုံးစွဲသည်။ ကျေးရွာတွင် UNDP မှပြုလုပ်သောရေတွင်း (၃)တွင်း၊ ကျေးလက်မှဆောင်ရွက်သော ရေတွင်း (၆)တွင်း ရှိသည်။ UNDP မှ ဆောင်ရွက်ပေးထားသောရေတွင်းများမှာ ရေမထွက်၍ အသုံးပြုနိုင်ခြင်း မရှိတော့ပါ။ စိမ့်စမ်းကို ဂရုဏာဖောင်ဒေရှင်းမှ ၂၀၀၀ ခုနှစ်တွင် (၁)ခုနှင့် ၂၀၀၆ ခုနှစ်တွင် (၁)ခု ဆောင်ရွက် ပေးခဲ့ သည်။ အချို့ သောက်ရေတွင်းများမှာ မိုးရာသီနှင့်ဆောင်းရာသီ၌သာ ရေလုံလောက်မှုရှိပြီး နွေရာသီ တွင် လုံလောက်မှုမရှိပါ။ စိမ့်စမ်းမှာလည်းနွေရာသီအချိန်တွင် နည်းသွားပြီးလုံလောက်မှု မရှိပါ။

(စျ-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၂
ရေလောင်း/ယင်လုံအိမ်သာ	၄၉၆
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
တွင်း/ဧလားအိမ်သာ	၈၉
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	၇

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ၅၉၄အိမ်ရှိသည့်အနက် ရေဆွဲအိမ်သာသုံးစွဲသူ၂ အိမ်၊ ရေလောင်း/ယင်လုံအိမ်သာသုံးစွဲသူ ၄၉၆ အိမ်၊ တွင်းအိမ်သာသုံးစွဲသူ ၈၉ အိမ်နှင့် အိမ်သာမရှိသူ ၇ အိမ်ရှိသဖြင့် ကျေးရွာအနေဖြင့် ယင်လုံအိမ်သာသုံးစွဲနိုင်မှု ၈၃.၈% သုံးစွဲနိုင်သည်ကိုတွေ့ရှိရပါသည်။ ဆင်းရဲသောအိမ်ထောင်စုများသည် ယင်လုံအိမ်သာသုံးစွဲနိုင်ခြင်းမရှိသဖြင့် ယင်လုံအိမ်သာပံ့ပိုးခြင်းများ ပြုလုပ်ပေးရန်လိုအပ်သည်။

(ည) ကျား – မ ရေးရာ

ဇယား (၃၉) ကျား – မ ရေးရာ

စဉ်	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ ☐	မရှိ ☒
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ ☒	မရှိ ☐
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	ရှိ ☐	မရှိ ☒
၄	အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု	ရှိ ☐	မရှိ ☒

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု ခေါင်းဆောင်မှုမရှိပါ။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ မရှိကြသော်လည်း အိမ်တွင်းအကြမ်းဖက်မှု(အရက်မူးလာပါက ဇနီးနှင့် သားသမီးများကို ရိုက်နှက်ခြင်း၊

ဆဲဆိုခြင်း၊ အနိုင်ကျင့်ခြင်းများအနည်းငယ်ရှိသည်။ ထိုကြောင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ အိမ်တွင်းအကြမ်းဖက်မှု ဥပဒေအသိပညာပေးရေးသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

(၄) အခြေခံ အဆောက်အဦများ အခြေအနေ

(၄-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☒ ၂☒ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☒	ဖြလမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ်အထက်☒	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☒	၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☒ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☐ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☐	ဖြလမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☐ ၂ ☐ ၃☐ ၄☐ ၅☒	ကောင်း☐ သင့် ☒ ညံ့ ☐	ဖြလမှ ၁နှစ် ☒ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☒	၀-၁ မိုင် ☐ ၁-၅ မိုင် ☒ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းနှင့် ကျောက်ခင်းလမ်းများဖြစ်ပြီး ပျက်စီးမှုများရှိသဖြင့် ပြုပြင်ရန်လိုအပ်သည်။ အချို့နေရာများတွင် မိုးတွင်းအချိန်၌ သွားလာရန်ခက်ခဲသည်။ လမ်း၏သက်တမ်းမှာ ၅နှစ်အထက်ကြာမြင့်ပြီးဖြစ်၍ ၁၅ မိုင်ခန့်ရှိသည်။ ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး ကောင်းမွန်သည်။ လမ်းသက်တမ်းမှာ ၁ နှစ်ခန့်ဖြစ်ပြီး (၅) မိုင်ခန့်ရှိသည်။

(၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

တံတား အမျိုးအစား	အရွယ်အစား (အလျား၊အနံ၊အမြင့်)	အရည်အသွေး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု
ဆိပ်ခံတံတာ		ကောင်း ☐	ဖြလမှ ၁နှစ် ☐	ပွင့်လင်း ရာသီ ☐

တံတား အမျိုးအစား	အရွယ်အစား (အလျား၊အနံ၊အမြင့်)	အရည် အသွေး	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု
ား		သင့် ☐ ညံ့ ☐	၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☐	တစ်နှစ်ပတ်လုံး ☐
ကွန်ကရစ် တံတား		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☐
သစ်သား တံတား	၂၅ပေ၁၈ပေ၈ပေ ၂၀ပေ၁၅ပေ၈ပေ	ကောင်း ☐ သင့် ☒ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☒ ၅နှစ် အထက် ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☒
ကြိုးတံတား		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ဝါးတံတား		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ရေပြွန်	၁၀ပေ၊၃ပေ၂၂ပေ	ကောင်း ☐ သင့် ☒ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☒	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☒
ရေကျော်		ကောင်း ☐ သင့် ☐ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သစ်သားတံတား (၃)စင်းနှင့် ရေပြွန်(၃)ခု ရှိသည်။သစ်သားတံတားမှာ ၂၅ပေ၁၈ပေ၈ပေ (၁) စင်းနှင့် ၂၀ပေ၁၅ပေ၈ပေ (၂)စင်းရှိပြီး တံတားအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပြီး တစ်နှစ်ပတ်လုံးသွားလာနိုင်သည်။ရေပြွန်မှာ ၁၀ပေ၃ပေ၂၂ပေ (၃)ခုရှိပြီး အသင့်အတင့်ကောင်းမွန်ကာ တစ်နှစ်ပတ်လုံးအသုံးပြုနိုင်သည်။

(၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
	၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐		
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☐	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ - လှေ၊ သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သဘော်ဘ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း မြစ်ကြောင်းသွားလာမှုမရှိပါ။

(၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၃၈	၄၈၈	၂၇	၆	၁၅	၁	၁၂၃

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် စက်ဘီး ၃၈ စင်း၊ မော်တော်ဆိုင်ကယ် ၄၈၈ စီး၊ သုံးဘီးဆိုင်ကယ် ၂၇ စီး၊ ထော်လာကျီ ၆ စီး၊ ကား ၁၅ စီး ၊မြင်းလှည်း ၁ စီး နှင့် နွားလှည်း ၁၂၃စီးရှိသည်။ သယ်ယူပို့ဆောင်ရေးယာဉ်လုံလောက်မှု ရှိသော်လည်း သွားလာရန် လိုအပ်ပါက စင်းလုံးငှါးသွားလာနေရသောကြောင့် ကုန်ကျစရိတ်များသည်။ အချိန်မရွေး အရေးပေါ် သွားလာရန်လိုအပ်ပါက အခက်အခဲရှိသည်။

(၅) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ်	အခက်အခဲ
မဟာဓာတ်အားလိုင်း	၂၁၆	ကောင်း☒ သင့်☐ ညံ့☐ မဖြေဆို☐	ရှိ ☐ မရှိ☒
ဆိုလာစနစ်	၃၃၄	ကောင်း☐ သင့်☒ ညံ့☐ မဖြေဆို☐	ရှိ ☒ မရှိ☐

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ်	အခက်အခဲ
အသေးစားရေအားလျှပ်စစ်		ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐	ရှိ ☐ မရှိ☐
ဒီဇယ်သုံးအင်ဂျင်	၁	ကောင်း☐ သင့်☒ ညံ့☐ မဖြေဆို☐	ရှိ ☒ မရှိ☐
လေစွမ်းအင်		ကောင်း☐ သင့်☒ ညံ့☐ မဖြေဆို☐	ရှိ ☒ မရှိ☐
ဧဝလောင်စာ		ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☐	ရှိ ☐ မရှိ☐
အမျိုးအမည်ခွဲခြား ဖော်ပြခြင်း မပြုနိုင်သော လျှပ်စစ်ဓာတ်အား ပေးစနစ်		ကောင်း☐ သင့်☐ ညံ့☐ မဖြေဆို☐	ရှိ ☐ မရှိ☐
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၄၆	☒	☒

ရင်းမြစ်... (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ၂၀၁၃ခုနှစ် စက်တင်ဘာလမှစ၍မဟာဓါတ်အားလိုင်းမှမီးရရှိခဲ့ပသည်။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲ သူ အိမ်ထောင်စု ၂၁၆၊ ဆိုလာစနစ်သုံးစွဲသူ ၃၃၄ အိမ်ထောင်စု၊ ဒီဇယ်အင်ဂျင်သုံးစွဲသူ ၁ အိမ်နှင့် လျှပ်စစ်မီး မသုံးစွဲနိုင်သောအိမ်ထောင်စု (၄၆) စု ရှိသည်။

လျှပ်စစ်မီးသုံးစွဲရာတွင် မီးခဏခဏပျက်လေ့ရှိပြီး မိတာခမှာလည်း တစ်ယူနစ် ၁၁၀ ကျပ်ဖြစ်သောကြောင့် မိတာခများသည်။ လျှပ်စစ်မီးပျက်သောအခါ မီးစက်ကိုအသုံးပြုသောအိမ်ထောင်စု(၁)စုနှင့် ဆိုလာကိုအသုံးပြုသော အိမ်ထောင်စု (၂) စုရှိသည်။လျှပ်စစ်မီးရရှိသော်လည်း ဓါတ်မီးတိုင်များရွာသွယ်လမ်းတိုင်းတွင် မရောက်ရှိခြင်းနှင့် ငွေကြေးမတတ်နိုင်သူများသောကြောင့် ဆိုလာသုံးစွဲသူများပြားရခြင်းဖြစ်သည်။

ဆိုလာစနစ်သုံးစွဲသူ ၃၃၄ အိမ်ထောင်စုရှိပြီး ရာသီဥတုမကောင်းပါက အားမပြည့်ပါ။ စာကြည့်မီး အတွက်သာသုံးရပြီး ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများအသုံးပြုမရနိုင်သောကြောင့် အခက်အခဲများရှိသည်။

ကျန် အိမ်ထောင်စု (၄၆) စုခန့်မှာ ဖယောင်းတိုင်ကိုအသုံးပြုရသောကြောင့် စာကြည့်မီးအလင်းရောင်သာရရှိပြီး အလင်းရောင်လုံလောက်မှုမရှိ၊ မီးဘေးအန္တရာယ်ရှိသည်။

(၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း
အရေအတွက်	၈၃၃	၂၁၄	၁၆၀	၈၇

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တယ်လီဖုန်းအရေအတွက် ၈၃၃ လုံးရှိပြီး အမ်ပီတီ၊ တယ်လီနောနှင့် အော်ရီဒူး ၃ မျိုးစလုံးလိုင်းမိ၊ လိုင်းကောင်းသည်။ ရေဒီယို ၂၁၄ လုံးရှိသည်ကိုတွေ့ ရသည်။ တီဗွီ ၁၆၀ လုံးနှင့် ဂြိုလ်တုစလောင်း (၈၇) လုံးရှိသည် ကိုတွေ့ရှိရသည်။

(ဃ) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ	ဝန်ဆောင်မှု
လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲ များ ရှိခြင်း	ရှိ ☐ မရှိ☒ မဖြေဆိုပါ☐
လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု	ကောင်း☐ သင့်☒ ညံ့☐ မဖြေဆိုပါ☐
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	ကောင်း☒ သင့်☐ ညံ့☐ မဖြေဆိုပါ☐
အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာ နှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း	ကောင်း☐ သင့်☐ ညံ့☐ မဖြေဆိုပါ☒
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု	ကောင်း☒ သင့်☐ ညံ့☐ မဖြေဆိုပါ☐
ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု	မရှိ ☐ နည်း ☒ များ☐
စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည် တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း	ရှိ ☐ မရှိ ☒ မဖြေဆိုပါ ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လူငယ်များအပန်းဖြေရန် သီးသန့်နေရာမရှိကြပါ။

လူငယ်များလူမှုရေးဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်းသော်လည်း၊ ဘာသာရေး နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မဖြစ်မနေတက်ကြွစွာ ပါဝင်လေ့ ရှိသည်။

လူငယ်များအားကစားကွင်းမရှိသောကြောင့် လူငယ်များ အားကစားတိုးတက်မှုနည်းသည်။ ထို့ကြောင့် အားကစားကွင်းနေရာသတ်မှတ်ပေးရန်တောင်းဆိုကြသည်။

၄င်းအပြင်လူငယ်များ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမှု အားနည်းသည်။ လူငယ်များမှ ရိုးရာနှင့် ခေတ်မီတီးဝိုင်းထူထောင်ရန် စိတ်ဝင်စားကြသည်။

စာကြည့်တိုက်မရှိသောကြောင့်လူငယ်များ စာဖတ်နည်းပြီး ဖုန်းအင်တာနက် အသုံးပြုကြသော်လည်း အကျိုးရှိရှိ အသုံးမပြုကြဘဲ ဖေ့စ်ဘုတ်နှင့် ဗီဂိုဗာများသာ အသုံးပြုနေကြပြီး လေ့လာသင်ယူမှု အားနည်းသည်။ ထို့ကြောင့် စာကြည့်တိုက်ဆောက်လုပ်ပေးရန် နှင့် စာပေဟောပြောပွဲပြုလုပ်ပေးရန် လိုအပ်သည်။

(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး အခြေအနေ

(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း	ရှိ ☒ မရှိ ☐ မဖြေဆိုပါ ☐
အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း	ရှိ ☐ မရှိ ☐ မဖြေဆိုပါ ☒
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ်	ရှိ ☐ မရှိ ☒ မဖြေဆိုပါ ☐
မှုခင်းများ ကာကွယ်တားဆီး လျော့ချရေးအတွက် ရဲဘက်ဆိုင် ရာများမှ ဝန်ဆောင်မှုပေးခြင်း	ရှိ ☐ မရှိ ☒ မဖြေဆိုပါ ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် အမ်ပီတီ၊ တယ်လီနော၊ အော်ရီဒူးနှင့် မိုင်တဲ ၄ လိုင်းစလုံးအသုံးပြုနိုင်ပြီး ဆက်သွယ်ရေးလိုင်း အားကောင်းသည်။ ဆက်သွယ်ရေး အဆောက်အဦး လုံလောက်မှုရှိသည်။

အာမခံလုပ်ငန်းနှင့် ပါတ်သက်၍ ဗဟုသုတနည်းပါးပြီး စိတ်ဝင်စားမှုလည်း မရှိကြပါ။ အာမခံလုပ်ငန်းနှင့် ပါတ်သက်၍ အသိပညာပေး ဟောပြောပေးသင့်သည်။

လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအစဉ်များ မရှိသေးပါ။ ဗဟုသု တလည်း မရှိသေးပါ။

မှုခင်းများ ကာကွယ်တားဆီး လျော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း မရှိ၊ လုံလောက်မှုမရှိပါ။ ထို့ကြောင့် ဘာသာရေးအဖွဲ့အစည်းများမှ ဦးဆောင်၍ မူးယစ်ဆေးကာကွယ်တားဆီးမှုများပြုနေသော်လည်း တရားဝင် လုပ်ကိုင်ရခြင်းမဟုတ်သောကြောင့် ထိရောက်မှု မရှိဘဲ တားဆီးကာကွယ်ရေးဆောင်ရွက်သူများအတွက် အန္တရာယ်များသည်။ မူးယစ်ဆေးကာကွယ် တားဆီးမှုကို လူထုကို အခြေခံသော အဖွဲ့ တရားဝင်ဖွဲ့စည်းခွင့်ပြုရန် တင်ပြအပ်ပါသည်။

(ဏ-၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

မှုခင်းဖြစ်ပွားမှု အခြေအနေ	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
	စိုးရိမ်ရသည် ☐	စိုးရိမ်ရသည် ☐	စိုးရိမ်ရသည် ☒	စိုးရိမ်ရသည် ☐
	သာမန် ☐	သာမန် ☒	သာမန် ☐	သာမန် ☐
	မရှိ ☒	မရှိ ☐	မရှိ ☐	မရှိ ☒

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လူကုန်ကူးမှုမှာ ကျေးရွာတွင်မဖြစ်သေးသော်လည်း ဗဟုသုတ နည်းပါးသည်။ ခိုးမှုမှာသာမန်လောက်သာရှိသည်။ မူးရစ်ဆေးဝါးသုံးစွဲသူများကို ထိရောက်စွာအရေးမယူသောကြောင့် မူးယစ်ဆေးအန္တရာယ်သည်စိုးရိမ်ရသည်။ မူးယစ်ဆေးကာကွယ်တားဆီးမှုကို လူထုကို အခြေခံသောအဖွဲ့ တရားဝင်ဖွဲ့စည်းခွင့်ပြုရန် တင်ပြအပ်ပါသည်။ ရွာတွင် အကြမ်းဖက်ခံရမှု မရှိသေးသော်လည်း အိမ်တွင်းအကြမ်းဖက်မှုအနည်းငယ်ရှိသည်။

နောက်ဆက်တွဲ (၂)
ဖွံ့ဖြိုးရေးဗျူဟာ ဇယား (လွယ်ခေါ်ကျေးရွာ၊ လွယ်ခေါ်ကျေးရွာအုပ်စု၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်)

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်း ရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အ ထောက်အကူ ဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/ အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာ ဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်း
၁။ ကဏ္ဍ – ပညာရေးဖွံ့ဖြိုးမှု စီမံကိန်း					
စာသင်ဆောင်လုံလောက်မှုမရှိ	ကျောင်းသားအရေအတွက် တိုးလာခြင်း အထက(ခွဲ) ကျောင်း ဖွင့်လှစ် ထားခြင်း	ကျေးရွာတွင်ဆောက်လုပ်ရေး ပစ္စည်း သဲ၊ ကျောက်လုံလောက်စွာရရှိနိုင်သည်။ ကျွမ်းကျင်သော လက်သ မား၊ ပန်းရံရှိသည်။ ကျေးရွာမှ လုပ်အားပစ္စည်း ထည့်ဝင်နိုင်သည်။	ငွေကြေးနှင့် နည်းပညာ မ တတ် နိုင်ကြပါ။	ပညာရေးဌာနသို့ အခက်အခဲ များ တင်ပြခြင်း။	ကျောင်းဆောင်သစ် တိုးချဲ့ခြင်း
ကျောင်းသားများ စာဖတ်အားနည်းလာခြင်း	ကျောင်းတွင်းစာကြည့်တိုက်မရှိခြင်း	သင်ယူလေ့လာလိုသော ကျောင်းသားများရှိသည်။	ပညာရေးရန်ပုံငွေအား နည်းသည်။	ပညာရေးဌာနသို့တင်ပြခြင်း	ကျောင်းတွင်းစာကြည့်တိုက် ဆောက်လုပ်ခြင်း
ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိ။	ကျောင်းသားအရေအတွက် တိုးလာခြင်းနှင့် ပရိဘောဂအ ချို့ဟောင်းနွမ်း ပျက်စီး ခြင်း။ မိဘဆရာအသင်း ပညာရေး ရံပုံငွေနည်းသည်	ဆောက်လုပ်ရေးပစ္စည်းများဒေ သအတွင်း အလွယ်တကူဝယ် ယူရရှိနိုင်သည်။ ကျွမ်းကျင်သော လက် သမားရှိသည်။	မိဘဆရာအသင်း ပညာရေး ရန်ပုံငွေနည်း / မရှိ။	မိဘဆရာအသင်းမှကျေးရွာ အတွင်း အလှူငွေကောက်ခံခြင်း။ ပညာရေးဌာနသို့ အခက်အခဲများ တင်ပြခြင်း။အခြားဒေသတွင်း ရှိပညာ ရေးဖွံ့	ကျောင်းသုံးပရိဘောဂ

	/မရှိ။			ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် အကူအညီ တောင်းခံခြင်း	
ကျောင်းသားများ အား ကစား တိုး တက်မှုအား နည်း သည်။	ကျောင်းအားကစား ကွင်းရှိ သော်လည်း အားကစားပစ္စည်း မရှိ။	အားကစား ပစ္စည်းများ ဒေသအတွင်း ဝယ်ယူရရှိ နိုင်သည်။	ငွေကြေးအရင်းအနှီး၊ ပညာ ရေး ရံပုံငွေမရှိ။	ပညာရေးဌာနနှင့် ချိတ် ဆက် ဆောင်ရွက်ခြင်း	ကျောင်းအားကစား ပစ္စည်း
ပညာထူးချွန် သော ဆင်းရဲသား ကလေး ငယ်များ ပညာဆက် လက် သင်ကြားနိုင်ခြင်း မရှိ။	မိဘများဆင်းရဲသော ကြောင့် ကျောင်းဆက် မထားနိုင်ကြပါ။	အချို့ဆင်းရဲသားကလေး ငယ်များ ပညာထူးချွန်ကြ သည်။	မိဘများဆင်းရဲသော ကြောင့် ကျောင်းဆက် မထား နိုင်ကြပါ။	ပညာရေးအဖွဲ့အစည်း များနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်းမိဘဆရာအသင် ်း မှ ဦးဆောင်၍ ပညာ ရေး ရန်ပုံ ငွေထူထောင် ခြင်း	ဆင်းရဲသားပညာရေး ရန်ပုံ ငွေထူထောင် ခြင်း
၂။ ကဏ္ဍ– ကျန်းမာရေးဖွံ့ဖြိုးမှု စီမံကိန်း					
ကျေးရွာတွင် ကျန်းမာရေး ဝန် ဆောင်မှုလုံလော က် စွာ မရနိုင်။	ဆေးခန်းသုံးပစ္စည်းနှင့် ဆေးဝါးလုံလောက်မှုမရှိ။	ဆေးခန်းသုံးပစ္စည်းနှင့် ဆေးဝါးများကို ဒေသ အတွင်းဝယ်ယူရရှိနိုင်သ ည်။	ငွေကြေးမတတ်နိုင်ကြပါ။	မွေးမိခင်များထံမှကော က်ခံ ခြင်းနှင့် ကျန်းမာရေးဖွံ့ဖြိုး ရေးအဖွဲ့/ဌာနသို့တင်ပြခြ င်း	ဆေးခန်းသုံးပစ္စည်းနှင့် ဆေးဝါး
ကျေးရွာတွင် ၄က်ဖျား ရောဂါ အဖြစ်များ သည်။	ခြင်ကိုက်ခြင်း၊ ၄က်ဖျား ဇုံတွင် တည်ရှိနေသည်။	ဆေးစိမ်ခြင်ထောင်များ ဒေသအ တွင်း ဝယ်ယူရရှိနိုင်သည်။	ဆင်းရဲသားများ ငွေကြေးမ တတ် နိုင်ကြပါ။	ဒေသတွင်း ကျန်းမာရေး ဖွံ့ဖြိုးရေး အဖွဲ့များနှင့် ချိတ်ဆက်၍ တင်ပြခြင်း	ဆေးစိမ်ခြင်ထောင် ဖြန့်ဖြူးပေးခြင်း
အရေးပေါ်လူနာ များ ဆေးရုံ/ဆေး ခန်းသို့ အချိန်မီ ပို့ဆောင်နိုင် ခြင်း မရှိသောကြောင့်	အရေးပေါ်လူနာတင် ယာဉ်မရှိ။ အရေးပေါ်သွားလာရာ တွင် ကား/ယာဉ်၄ါးရန် မရှိသော ကြောင့်	အရေးပေါ်လူနာတင်ယာ ဉ်ကို ဝယ်ယူရရှိနိုင်သည်။ လုပ်အားပေးမောင်းနှင် ပေးနိုင်သူယာဉ်မောင်းရှိ ပြီး စက်အကြောင်း	ငွေကြေးမတတ်နိုင်ကြပါ။	ဒေသတွင်း ကျန်းမာ ရေး ဖွံ့ ဖြိုးရေး အဖွဲ့များနှင့် ချိတ် ဆက်၍ တင်ပြခြင်း	အရေးပေါ်လူနာတင် ယာဉ် ထူထောင်ခြင်း

များစွာအခက်အခဲရှိသည်။	အခက်အခဲ ရှိသည်။	အသင့်အတင့် နားလည်မှုရှိသည်။			
၃။ ကဏ္ဍ- ကျန်းမာရေးနည်းပညာဖွံ့ဖြိုးမှု စီမံကိန်း					
ကျေးရွာတွင် ဆီချို၊ သွေးတိုး ရောဂါအဖြစ်များပြီးဆေးဝါး ကုသစရိတ်များသည်။	ဓါတုဆေးဝါးမကင်းသော အသားငါး၊ အသီးအရွက်များ ကို နေ့စဉ် မလွဲမရှောင်သာ စားသုံးနေကြရပြီး ကျန်းမာရေးဗဟုသုတမရှိခြင်း။	ကျန်းမာရေးအသိပညာပေးဖွံ့ဖြိုးရေးအဖွဲ့အစည်း များ ဒေသအတွင်းရှိသည်။	ကျန်းမာရေးဗဟုသုတနည်း သည်။	ဒေသအတွင်းရှိကျန်းမာေးအသိပညာပေးဖွံ့ဖြိုးရေး အဖွဲ့အစည်းများချိတ်ဆက်ဆောင်ရွက်ခြင်း	ကျန်းမာရေးအသိပညာပေး ဟောပြော ပွဲများပြုလုပ်ခြင်း
၄။ ကဏ္ဍ- သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဖွံ့ဖြိုးမှု စီမံကိန်း					
သောက်ရေအရည်အသွေးကောင်း /မ ကောင်း မသိကြ ပါ။	တစ်ခါမှ စမ်းသပ် စစ်ဆေးဘူးခြင်းမရှိကြပါ။	ကျေးလက်ဦးစီးဌာန တွင် ရေအရည်အ သွေးစစ်ဆေး နိုင် သည်။	အဆက်အသွယ်အားနည်းသည်။ မည်သည့်နေရာတွင် စစ်ဆေး ရရှိနိုင်ကြောင်း မသိကြပါ။	ကျေးလက်ဦးစီးဌာနသို့ ရေန မူနာပေးပို့ စစ်ဆေးနိုင်သည်။	သောက်ရေအရည်အသွေးစစ်ဆေးခြင်း
ယင်လုံအိမ်သာသုံးစွဲမှုအားနည်းခြင်း	ဆင်းရဲသောကြောင့်ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲနိုင်ခြင်းမရှိ	ဒေသတွင်းကျန်းမာရေးအ ဖွဲ့အစည်းများရှိသည်။	အရင်းအနှီးနှင့် နည်းပညာမရှိခြင်း။ အဆက်အသွယ်မရှိခြင်း	ဒေသတွင်းအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောက်ရွက်ရန်	ဆင်းရဲသားများအား ယင်လုံအိမ်သာဆောက်လုပ်ပေးခြင်း
၅။ ကဏ္ဍ- လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း					
လက်ရှိရွာတွင်းလမ်း၊ ကုန်ထုတ်လမ်းများမှာ မြေသားလမ်းများဖြစ်ပြီးမိုးရာသီတွင်	ရွာတွင်းလမ်းနှင့်ကုန်ထုတ် လမ်းများမှာ မြေသားလမ်း များ ဖြစ်နေသောကြောင့် ပျက် စီးနေပြီး မိုးရာသီ တွင်သွားလာရ	လမ်းပြင်ရန်သဲနှင့်ကျောက် ကို ဒေသအတွင်း အလွယ် တကူ အလုံလောက် ရရှိနိုင် သည်။	လမ်းများပြုပြင်ရန် ငွေကြေး မတတ် နိုင်ကြ ပါ။	ကျေးလက်ဦးစီးဌာနသို့ တင်ပြအကူအညီတောင်းခံခြင်း	ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း/ပြုပြင်ခြင်း

သွားလာရအလွန် ခက်ခဲသည်။	ခက်ခဲသည်။				
၆။ ကဏ္ဍ-စိုက်ပျိုးရေ ရရှိရေး ဖွံ့ဖြိုးမှု စီမံကိန်း					
စိုက်ပျိုးသီးနှံများ သွင်းရေလုံလောက် စွာ မရရှိ။	ရေသွင်းမြောင်းရှိသော်လည်းပျက်စီးနေသည်။	ရေသွင်းမြောင်းရှိသည်။	ငွေကြေးနှင့် နည်းပညာ မတတ် နိုင်ကြပါ။	ဆည်မြောင်းဦးစီးဌာနနှင့် ချိတ် ဆက် တင်ပြ ခြင်း	ရေသွင်းမြေင်းအဆင့်မြှင့်တင်ခြင်း
၇။ ကဏ္ဍ-စိုက်ပျိုးရေး (သီးနှံအထွက်တိုး) ဖွံ့ဖြိုးမှုစီမံကိန်း					
သီးနှံအထွက်နှုန်းနှင့်သီးနှံထုတ်လုပ်မှုနည်း သည်။	မျိုးကောင်း/သန့်မရှိ။ အချိန်မီထွန်ယက်နိုင်ခြင်း မရှိ။	စိုက်ပျိုးရေးဌာနရှိသည်။ လယ်ယာသုံးစက်ကရိယာ ကုမ္ပဏီနှင့် ပုဂ္ဂလိက ဘဏ် များရှိသည်။	ငွေကြေး မတတ် နိုင်ကြ ပါ။ ကုမ္ပဏီများ၊ပုဂ္ဂလိက ဘဏ်များ နှင့် ချေးငွေရရှိရေး ချိတ်ဆက် ဆောင်ရွက်ရာတွင်း စိုက်ပျိုး	စိုက်ပျိုးရေးဌာနနှင့် ပုဂ္ဂလိက ကုမ္ပဏီနှင့် ဘဏ် များသို့ တင်ပြ အကူအညီ တောင်းခံခြင်း	၁။မျိုးကောင်းမျိုး သန့်ရရှိ ရေး ၂။ လယ်ယာသုံးစက် ကရိယာ အရစ်ကျ ရောင်းချ ခြင်း
၈။ ကဏ္ဍ- စိုက်ပျိုးရေးနည်းပညာဖွံ့ ဖြိုးမှု စီမံကိန်း					
စိုက်ပျိုးသီးနှံများ ပိုးမွှား ရောဂါကျရောက် မှုများပြီး ထိရောက်စွာ ကာကွယ်နိုင်နင်းနိုင်ခြင်းမရှိ။ ပျက်စီးမှုရှိသည်။	စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးမှု အားနည်း သည်။ ဓါတ်မြေဩဇာများကို အလွန် အကျွံအသုံးပြု နေကြ သည်။	စိုက်ပျိုးရေးနည်းပညာပံ့ပိုးပေး သော ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ ဒေသအတွင်း ရှိသည်။	သင်တန်းတက်ရောက်ရန် ကုန် ကျမှု ငွေကြေးမတတ် နိုင် ကြပါ။	စိုက်ပျိုးရေးဌာနနှင့် အခြားဖွံ့ဖြိုး ရေးအဖွဲ့များသို့တင်ပြအကူ အညီ တောင်းခံခြင်း	စိုက်ပျိုးရေးနည်းပညာဖွံ့ ဖြိုးမှုသင်တန်းများ ၁။ဘက်စုံပိုးမွှားကာကွယ် နှိမ်နှင်းမှုသင် တန်း ၂။ မြေဆီလွှာ ပြုပြင်ထိန်း သိမ်းနည်း သင်တန်း ၃။ သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း ၄။ ကိုင်းကူးကိုင်းဆက်သင် တန်း
၉။ ကဏ္ဍ-ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးမှုစီမံကိန်း					

တောင်သူများနှင့်သင့် တော်သော ငွေကြေးဝန်ဆောင်မှု မရှိ။	စိုက်ပျိုးမြေပိုင်ဆိုင်မှု ပုံစံ (၇) မရှိသောကြောင့် စိုက်ဘဏ် ချေးငွေမရကြပါ။ မြစိမ်းရောင်ချေးငွေမှာလုံ လောက်မှုမရှိသေးပါ။	နိုင်ငံတော်မှ နှစ်ရှည်ချေးငွေ များပံ့ပိုးပေးလျက် ရှိသည်။	လက်ရှိချေးငွေစနစ်များမှာ တောင် သူများ၏ လိုအပ်ချက် နှင့် ကိုက်ညီမှု အားနည်း နေ သေး သည်။		အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများချမှတ်ပေးရန်
၁၀။ ကဏ္ဍ– သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုစီမံကိန်း					
စီးပွါးရေး၊လူမှုရေး ၊ ပညာရေး တို့အတွက်သွားလာရေး ခက်ခဲသည်။	ပုံမှန်သွားလာသည့် ခရီးသည် ပို့ဆောင်ရေးယာဉ် မရှိ။ စင်းလုံးင်္ဂါးသွားလာကြရသဖြင့် ကုန်ကျစရိတ်များသည်။ ယဉ်လုံလောက်မှုမရှိ။	စီးပွါးရေး၊ လူမှုရေး၊ ပညာရေးတို့အတွက်ပုံမှန်သွားလာသူများသည်။	အများပြည်သူသုံးသွားလာသည့်ယာဉ်မရှိ။		ဆိုင်ကယ်/သုံးဘီးတက္ကစီထူထောင်ခြင်း
၁၁။ ကဏ္ဍ– လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း					
လူငယ်များ အားက စားတိုးတက်မှုအားနည်းသည်။	အားကစားကွင်းလည်းမရှိ။ အားကစား ပစ္စည်းမရှိကြပါ။	အားကစားပစ္စည်းများကိုဒေသ အတွင်း ဝယ်ယူရရှိနိုင် သည်။	ငွေကြေးမတတ်နိုင်ကြပါ။	ကျန်းမားရေးနှင့် အားကစား ဝန်ကြီးဌာနသို့ တင်ပြခြင်း	အားကစားပစ္စည်းများပံ့ပိုးခြင်း
ရိုးရာယဉ်ကျေးမှုအ မွေအနှစ်များအား ထိန်းသိမ်းမှုနည်း လာသည်။	လူငယ်များ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းမှု အားနည်းသည်။	ရိုးရာယဉ်ကျေးမှု အမွေအနှစ်၊ ကျွမ်းကျင်သော သောသူများရှိသည်။	လူကြီးများမှလည်း လက်ဆင့် ကမ်းအားပေးမှုနည်းသည်။	လူငယ်အဖွဲ့များစနစ်တကျဖွဲ့စည်း ခြင်း ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ အစီအစဉ်များ ရေးဆွဲ အကောင်အထည် ဖော်ခြင်း	ခေတ်ပေါ်တီးဝိုင်း ထူထောင်ခြင်းနှင့် ခေတ်ပေါ်တီးဝိုင်းအတီး သင်တန်း
လူငယ်များစာဖတ် ခြင်းနှင့် လေ့လာသင်ယူမှု အား	အင် တာနက်အသုံးပြုသော်လည်း ဖေ့စ်ဘုတ်၊ ဗီုက်ဗာတို့ကိုသာအကြည့်	လူငယ်တိုင်းလိုလို အင် တာနက် အသုံးပြုကြသည်။ဖုန်းလိုင်းဆက်	လူငယ်များ စာဖတ်နည်းကြသည်။	လေ့လာသင်ယူနိုင်မည့် အစီအစဉ်များ ထားရှိခြင်း	၁။နှစ်စဉ်စာပေဟောပြောပွဲ ကျင်းပခြင်း ၂။ခေတ်မီစာကြည့်

နည်းသည်။	များပြီးအကျိုး ရှိရှိ အသုံး မချတတ်ကြပါ။	သွယ်ရေးကောင်းသည်။			တိုက်ထူ ထောင်ခြင်း
လူငယ်များလုံ ခြုံမှု အားနည်း လာသည်။	မူးယစ်ဆေးသုံးစွဲသူများ လာ ကြသည်။ ယဉ်အန္တရာယ်ရှိသည်။ လူကုန်ကူး ခံရနိုင်မှု အန္တရာယ် ရှိသည်။	လူငယ်များလုံခြုံစွာနေ ထိုင်သွား လာလိုကြ သည်။	မူးယစ်ဆေးများကိုအလွယ် တကူဝယ်ယူသုံးစွဲ နိုင် ကြ သည်။ လူငယ်များ ဗဟုသုတအား နည်း သည်။	လူငယ်ဖွံ့ဖြိုးရေးကို စီမံ ကိန်း တစ်ရပ်အနေဖြင့် အလေးထား ဆောင် ရွက်ပေးသင့်သည်။	**လူငယ်ဖွံ့ဖြိုးရေးသင်တန်းများ** ၁။ မူးယစ်ဆေးကာကွယ် တားဆီးရေး အသိပညာပေးသင်တန်း ၂။ လူကုန်ကူးကာကွယ် တားဆီးရေးအသိပညာပေးသင်တန်း
၁၂။ ကဏ္ဍ– စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးနည်းပညာများ ဖွံ့ဖြိုးရေးစီမံကိန်း					
ကျေးရွာတွင် စိုက်မွေး မဟုတ်သော အလုပ် အကိုင် အခွင့် အလမ်း နည်းပါးသည်။ မိသားစု ဝင်ငွေ နည်းသည်။	စိုက်ပျိုးမွေးမြူရေး မဟုတ်သော သက်မွေး လုပ်ငန်းကျွမ်းကျင်မှု အားနည်းသည်။	အလုပ်လုပ်ကိုင်နိုင်သော အရွယ် များရှိသည်။ ကျေးရွာတွင် လျှပ်စစ်မီး ရရှိ ပြီ ဖြစ်သည်။ ဆက်သွယ်ရေးဖုန်းလိုင်း ကောင်းသည်။ ဒေသထွက်ကုန်ကြမ်းများ အသင့်အတင့်ရှိသည်။ ဒေသအတွင်းအသက်မွေး နည်းပညာပံ့ပိုးပေးသော ဖွံ့ဖြိုးရေးအဖွဲ့များ ရှိ သည်။	ဒေသအတွင်းစက်ရုံ၊ အလုပ် ရုံမ ရှိ။ သက်မွေးပညာသင် ကြားရန် အဆက်အသွယ် မရှိ၊သင်တန်းစရိတ် မတတ် နိုင်ကြပါ။	ကျေးလက်ဦးစီးဌာနနှင့် ဒေသ တွင်းဖွံ့ဖြိုးရေး အဖွဲ့များသို့ တင်ပြခြင်း နှင့် အကူအညီတောင်း ခံခြင်း	အသက်မွေးဝမ်း ကျောင်း သင်တန်းများ ဖွင့်လှစ်ပေးရန်
၁၃။ ကဏ္ဍ– အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ခြင်း ဖွံ့ဖြိုးရေးစီမံကိန်း					

အမျိုးသမီးများစွမ်း ဆောင်ရည် အားနည်း သည်။	ဗဟုသုတ အားနည်းသော ကြောင့် ဖြစ်သည်။	အမျိုးသမီးများစွမ်းဆောင်ရည် မြင့်တင်ပေးသော ဖွံ့ဖြိုးရေးအဖွဲ့များ ဒေသအတွင်းရှိသည်။	အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းသည်။	ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	၁။ အိမ်တွင်းအကြမ်းဖက် မှုကာကွယ်ခြင်း ဥပဒေ သင်တန်း ၂။ အမျိုးသမီးကာကွယ်စောင့်ရှောက်နည်းသင်တန်း
၁၄။ ကဏ္ဍ–သဘာဝဘေးလျော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း					
ကျေးရွာတွင် ရာသီမရွေး၊အချိန်မရွေး မီးဘေး အန္တရာယ်ကျရောက်နိုင်သည်။	မီးဘေးကာကွယ်ရေး အစီအ စဉ်အားနည်း သည်/မရှိ။	အရံမီးသတ်တပ်ဖွဲ့ဖွဲ့စည်းရန်နိုင် သည်။	မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းသည်။	မီးသတ်ဦးစီးဌာန(သို့) အလှူရှင်အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်	မီးသတ်ကားထူထောင်ခြင်း
၁၅။ ကဏ္ဍ–သဘာဝ ပါတ်ဝန်းကျင်ထိန်သိမ်းရေးဖွံ့ဖြိုးမှုစီမံကိန်း					
သဘာဝပါတ်ဝန်းကျင်ထိခိုက်မှု ရှိသည်။	သစ်တောများပြုန်းတီးနေသည်။	သစ်တောပြုန်းတီးမှုကြောင့်ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ရေထွက်များခမ်းခြောက်ခြင်းကို သတိမူလာမိကြသည်။	သစ်တောဂရုံရှိရန် အခက်အခဲများရှိသည်။ ဗဟုသုတနည်းသည်။	သစ်တောဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	လူထုနှစ်ရှည်ကျွန်းစိုက်ခင်းထူထောင်ခြင်း

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- လွယ်ခေါ
ကျေးရွာအုပ်စု	- လွယ်ခေါ
မြို့နယ်	- မြစ်ကြီးနား
တိုင်းဒေသကြီး / ပြည်နယ်	- ကချင်ပြည်နယ်

စီမံချက်အမည် - ရွာတွင်းကွန်ကရစ်ဘောင်ခတ်ကျောက်လမ်းခင်းခြင်း(၁၇၅၀'x ၁၆' x ၆")

စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

လွယ်ခေါကျေးရွာသည် မြစ်ကြီးနားမြို့နယ်၊ လွယ်ခေါကျေးရွာအုပ်စု မြစ်ကြီးနားမြို့၏တောင်ဘက် ၂၁ မိုင်ခန့် အကွာ၊ မန္တလေး-မြစ်ကြီးနား ကားလမ်းဘေးတွင်တည်ရှိသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၅၉၄ အိမ်နှင့် လူဦးရေပေါင်း (၃၅၁၃) (ကျား ၁၇၅၆ + မ ၁၇၅၇ = ၃၅၁၃) ရှိသည်။ ကျေးရွာ၏ လက်ရှိအခက်အခဲမှာ ကျေးရွာတွင်း လမ်းအချို့မှာ မြေသားလမ်းဖြစ်ပြီး ပျက်စီးနေသောကြောင့် မိုးရာသီတွင် ကျေးရွာအတွင်း သွားလာရခက်ခဲသည့် အခက်အခဲများရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် လူထုအစည်းအဝေးကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်အရ ရွာတွင်းလမ်းအားကျောက်လမ်းခင်းရန် အများသဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။ ကျောက်ခင်းရန် ခန့်မှန်းတွက်ချက်မှုအရ စုစုပေါင်း **၁၅,၀၀၀,၀၀၀** ကျပ် ကုန်ကျမည် ဖြစ်ပြီး ကျေးရွာ မှ ငွေသား **၁,၀၀၀,၀၀၀** ကျပ် နှင့် လုပ်အားတန်ဖိုး **၄,၀၀၀,၀၀၀** ကျပ်၊ စုစုပေါင်း **(၅,၀၀၀,၀၀၀)** ကျပ်ထည့်ဝင်မည်ဖြစ်ပြီး ကျေးရွာမှမတတ်နိုင်သော သိန်း (၁၀၀) ကို ကျေးလက်ဦးစီးဌာနမှ ကူညီပံ့ပိုးပေးပါရန် အဆိုပြုတင်ပြအပ် ပါသည်။

စီမံချက်၏ရည်ရွယ်ချက်

တစ်နှစ်ပတ်လုံးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ပြီး သွားရေးလာရေးပိုမိုအဆင်ပြေလာရန်

မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)

၁။ သာရေးနာရေး၊လူမှုရေးများအတွက် လွယ်ကူချောမွေ့စွာဆောင်ရွက်လာနိုင်မည်။

၂။ လူမှုရေးနှင့် လူနေမှုအဆင့်အတန်းမြှင့်မားလာမည်ဖြစ်သည်။

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)

(လုပ်ငန်း ခန့်မှန်းခြေတွက်ချက်မှုစာရင်း (Estimate)၊ လုပ်ငန်းပုံစံဒီဇိုင်းများကို ပူးတွဲသီးခြားဖော်ပြရမည်)

ကွန်ကရစ်ဘောင်ခတ်ကျောက်လမ်းခင်းခြင်း (၁၇၅၀'x ၁၆' x ၆")	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်) ၁၅,၀၀၀,၀၀၀/	**ထည့်ဝင်မည့်အစီအစဉ်**
၁၀,၀၀၀,၀၀၀ ကျပ် (ငွေသား)	ကျေးလက်ဦးစီး
၁,၀၀၀,၀၀၀ ကျပ် (ငွေသား)	ကျေးရွာ
၄,၀၀၀,၀၀၀ ကျပ် (ပစ္စည်း/လုပ်အား)	ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၇၅၆	၁၇၅၇	၃၅၁၃	၁၅	၁၃၉	၂၈၇	၁၅၃	၅၉၄
အကျိုးခံစားမည့် ဦးရေ	၁၇၅၆	၁၇၅၇	၃၅၁၃	၁၅	၁၃၉	၂၈၇	၁၅၃	၅၉၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်ထည်ဖော်မည့်အဖွဲ့အစည်း(များ)

ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ လုပ်ငန်းကို အစမှအဆုံး ပြီးစီးသည်အထိ တာဝန်ယူဆောင်ရွက်မည်။ သတ်မှတ် အရွယ်အစားနှင့် အရည်အသွေးအတိုင်း၊ အချိန်မီပြီးစီးရန်၊ ပစ္စည်းနှင့်ငွေကြေးအလေအလွင့် မရှိစေရန်၊ ကျေးရွာမှ ထည့်ဝင်မှု (ငွေသား၊ ပစ္စည်း၊ လုပ်အား) များကို သဘောတူထားသည့်အတိုင်းအချိန်မီ ထည့်ဝင်ရန် အနီးကပ်ကြီးကြပ်မည်ဖြစ်ပြီး ကျေးလက်ဦးစီးဌာနမှ နည်းပညာနှင့် ရန်ပုံငွေကို အချိန်မီပံ့ပိုးပေးရမည်ဖြစ် သည်။

(၂) စီမံချက် စတင်မည့် အချိန် ခန့်မှန်း– ပံ့ပိုးငွေ ရရှိပြီး ၇–၁၀ ရက်အတွင်းလုပ်ငန်းစတင်မည်ဖြစ်သည်။

(၃) စီမံချက်ပြီးစီးမည့်အချိန်– မတ်လ ၃၁ ရက်နေ့ ၂၀၁၉ နောက်ဆုံး

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်

ကျေးရွာမှ ငွေသား (၁၀)သိန်းထည့်ဝင်မည်ဖြစ်ပြီး လုပ်အားထည့်ဝင်မှုအနေဖြင့် ကျေးရွာအတွင်းရှိ

ရွာသူ/သား များသည် လုပ်ငန်းစတင်ချိန်တွင် တစ်ရက်လျှင် လုပ်အားပေး(၁၀)ယောက်ကို ထည့်ဝင်သွားပါမည်။ လုပ်အားများ အပြည့်အဝရရှိစေရန် ကော်မတီ အဖွဲ့များမှ ကြီးကြပ်၊တိုက်တွန်း၊ နှိုးဆော်သွားပါမည်။ ကျေးရွာရှိ ပန်းရံအဖွဲ့များမှလည်း ကူညီဆောင်ရွက် သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

လမ်းမှာ ကျောက်လမ်းဖြစ်သောကြောင့် ၂ နှစ်ခန့်ခိုင်မည်ဟု ခန့်မှန်းသည်။ ထို့ကြောင့် နှစ်စဉ်ပြုပြင်ထိန်းသိမ်း စရိတ်အတွက်ထည့်ဝင်ငွေများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှထည့်ဝင်ရန်စည်းရုံးလှုံ့ဆော်ကောက်ခံပါမည်။ နှစ်စဉ် ၅ သိန်းထက်နည်းသော အသေးစားပြုပြင်မှုကို ကော်မတီမှ အိမ်တိုင်ရာရောက်ငွေကြေး ကောက်ခံ၍ ဦးဆောင်ပြုလုပ်သွားမည်ဖြစ်ပြီး ၅ သိန်းထက်ပိုသော အကြီးစားပြုပြင်မှုနှင့် သဘာဝဘေးကြောင့် ပျက်စီး ဆုံးရှုံးမှု တို့ကို နိုင်ငံတော်မှ ပြုပြင်ပေးရန် တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊
လွယ်ခေါကျေးရွာ၊
လွယ်ခေါကျေးရွာအုပ်စု
မြစ်ကြီးနားမြို့နယ်။